# ၂၀၂၄ ခုနှစ်၊ မေလ (၁)ရက်မှ (၇)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ကျူးလွန်သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | စစ်ကိုင်း | ၆ | |
| ၂ | မန္တလေး | ၄ | |
| ၃ | ကရင် | ၂ | |
| ၄ | ပဲခူး | ၃ | |
| ၅ | မကွေး | ၄ | |
| ၆ | ရှမ်း | ၃ | |
| ၇ | ကချင် | ၃ | |
| ၈ | ရခိုင် | ၃ | |
| ၉ | ကယား | ၃ | |
| ၁၀ | တနင်္သာရီ | ၁ | |
| ၁၁ | ရန်ကုန် | ၁ | |
| ၁၂ | ဧရာဝတီ | ၃ | |
| | **စုစုပေါင်း** | **၃၆** | |

မေလ (၁)ရက်မှ (၇)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် လေကြောင်း အသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ မေလ (၁) ရက်နေ့တွင် အမျိုးသားများ ပြည်ပထွက် အလုပ်လုပ် ခွင့်ကို စစ်အာဏာရှင်တပ်က တားမြစ် ပိတ်ပင်ခဲ့သည်။ စစ်အာဏာရှင်တပ်၏ လက်အောက်ခံ ပျူစောထီး အဖွဲ့က ပဲခူးတိုင်းဒေသကြီးတွင် ပြည်သူ (၄)ဦးကို ဖမ်းဆီးသတ်ဖြတ် စွန့်ပစ်ခြင်းများ ပြုလုပ်ခဲ့သည်။ စစ်အာဏာရှင်တပ်သား များက စစ်ကိုင်းတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီးတို့တွင် အမျိုးသားများကို စစ်မှုထမ်းရန် အတွက် အဓမ္မ ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share
made with infogram

# ၂၀၂၄ ခုနှစ်၊ မေလ (၁)ရက်မှ (၇)ရက် အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




| စဉ် | လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ | အကြိမ်ရေ |
|---|---|---|
| ၁ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း | ၂ |
| ၂ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း | ၇ |
| ၃ | လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | ၁၂ |
| ၄ | ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်ဆီးခြင်း | ၆ |
| ၅ | ဗုံးကြဲတိုက်ခိုက်ခြင်း | ၆ |
| ၆ | ဖမ်းဆီးခံရခြင်း | ၅ |
| ၇ | ငွေကြေးတောင်းခံခြင်း | ၄ |
| ၈ | အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း | ၃ |
| ၉ | ပျူစောထီး/ ပြည်သူ့စစ် | ၂ |
| ၁၀ | ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ဖျက်ဆီးခြင်း | ၆ |
| ၁၁ | ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခြင်း | ၁ |
| ၁၂ | လေကြောင်းအသုံးပြုခြင်း | ၇ |
| ၁၃ | မြေမြှုပ်မိုင်း | ၂ |
| ၁၄ | ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း | ၃ |
| ၁၅ | နေရပ်ဒေသ စွန့်ခွာရခြင်း | ၄ |
| ၁၆ | ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း | ၃ |

စစ်အာဏာရှင်တပ်သားများ၏ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၇)ဦး သေဆုံးခဲ့ရပြီး (၅၀)ဦးကျော် ဖမ်းဆီးခံ ခဲ့ရသည်။ စစ်အာဏာရှင် တပ်သားများ၏ မြေမြှုပ်မိုင်းကြောင့် ပြည်သူ (၁)ဦး သေဆုံးခဲ့ရပြီး (၂)ဦး ထိခိုက် ဒဏ်ရာ ရရှိခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram